၁။ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ် ဒေသတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများအတွက် မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းကုန်ဆုံး၍ လဲလှယ်ခြင်း၊ ပျောက်ဆုံးသဖြင့် ပြန်လည်လျှောက်ထားခြင်း၊ ရေစိုပျက်စီး၍ အသစ်လဲလှယ်ခြင်း၊ နိုတြီထပ်ဆင့်ထောက်ခံပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်းအတွက် ကောင်စစ်ဆိုင်ရာ တွေ့ဆုံခွင့်ရရှိစေရေး ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံသားများ သေဆုံးခြင်းအတွက် မြန်မာနိုင်ငံသို့ရုပ်အလောင်း (သို့) အရိုးပြာ ပြန်လည်သယ်ဆောင်လိုပါက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ပေးခြင်းစသည့် ကောင်စစ်ဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ်ဒေသများသို့ လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့ရောက်ရှိနေသည့် ဒေသရှိ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုမှ မည်သည့်အကြောင်းကြောင့် ထိန်းသိမ်းခံရသည်ဖြစ်စေ ပထမဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်အကြောင်းကြားခွင့်တောင်းခံ၍ ကောင်စစ်ဝန်ရုံးသို့ ဆက်သွယ်ရန်လိုအပ်ပါသည်။ သို့မှသာ ဖမ်းဆီးထိန်းသိမ်းခံရခြင်းအတွက် ကောင်စစ်ဆိုင်ရာ တွေ့ဆုံခွင့်နှင့် အခြားလိုအပ်သော ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ပါသည်။

၃။ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသည့် နိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ် ပြန်လည်လျှောက်ထားမည်ဆိုပါက ပျောက်ဆုံးသွားသည့် ဒေသ၏ ရဲစခန်းထောက်ခံချက် နှင့် ပျောက်ဆုံးသည့် နိုင်ငံကူးလက်မှတ် မိတ္တူတို့ လိုအပ်ပါသဖြင့် မိမိတို့ကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်များအား မိတ္တူကူးထားရန် အကြံပြုအပ်ပါသည်။

၄။ နိုင်ငံကူးလက်မှတ်လဲလှယ်ခြင်းအပါအဝင် ကောင်စစ်ဆိုင်ရာ လုပ်ငန်းများအတွက် ဆောင်ရွက်ရန်လမ်းညွှန်ကို Guideline for Consular Service တွင် အသေးစိတ်ဖော်ပြထားပါသည်။ ကောင်စစ်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားသော သိရှိလိုသည်များအတွက်လည်း မြန်မာကောင်ဝန်ချုပ်ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ကောင်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းညွှန်

ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်ဒေသများတွင် နေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများအတွက် ရုံးဖွင့်ရက်များအတွင်း လျှောက်လွှာလက်ခံချိန် နံနက် (၀၉း၃၀) နာရီမှ (၁၂း၃၀) နာရီအတွင်း မြန်မာနိုင်ငံတွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြရန်လိုအပ်သည့်ကိစ္စများမှအပ ဆောင်ရွက်ချိန် (၂)ရက်ယူလျက် ကောင်စစ်ဆိုင်ရာလုပ်ငန်းများအား လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

## မြန်မာနိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း

၁၄-၁၁-၂၀၁၂ ရက်နေ့မှ စတင်ကာ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များကို အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်နည်းတူ သက်တမ်း(၅)နှစ်သတ်မှတ်၍ ထုတ်ပေးလျက်ရှိပါသည်။ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့သို့ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားပါက အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပြည့်စုံစွာ တင်ပြရန် လိုအပ်ပြီး၊ နိုင်ငံကူးလက်မှတ်ကြေး ဟောင်ကောင်ဒေါ်လာ (၂၀၀) ကျသင့်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကူးလက်မှတ်အဟောင်းကို တစ်လကြာ ခေတ္တကိုင်ဆောင် ခွင့်ပြုထားမည်ဖြစ်ပြီး၊ တစ်လကြာပြီးနောက် ကောင်စစ်ဝန်ချုပ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံကူးလက်မှတ်အသစ်လဲလှယ်ရာတွင် တင်ပြရမည့်စာရွက်စာတမ်းများ

(က) ၃၀-၀၂-၂၀၁၁ ရက်နေ့အထိ ဝင်ငွေခွန်ထမ်းဆောင်ထားသူများ/ အလုပ်လုပ်သူများအတွက်

- up to date အခွန်ဆောင်ထားသည့် ပြေစာမိတ္တူ။
- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်ရေးရာဇဝင် (၂)စုံ ဖြည့်စွက်ရန်
- ရောင်စုံဓါတ်ပုံ (၂)ပုံ
- ဓါတ်ပုံပါ CD တစ်ချပ် (ဓါတ်ပုံလိုအပ်ချက်- size 35 mm x 45 mm, Resolution 300, Background – white)

- ID Card Copy
- အလုပ်ထောက်ခံစာ
- အလုပ်စာချုပ်မိတ္တူ (မကာအိုတွင် အလုပ်လုပ်ကိုင်သူများအတွက်သာ)
- လက်ဗွေ၊ လက်မှတ်ပါ ကိုယ်ရေးပုံစံ (၂) စောင်

(ခ) မှီခိုသူများအတွက် (အလုပ်လုပ်သူ/အခွန်ထမ်းသူအား မှီခိုခြင်း)

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်ရေးရာဇဝင် (၂)စုံ ဖြည့်စွက်ရန်
- ရောင်စုံဓါတ်ပုံ (၂)ပုံ
- ဓါတ်ပုံပါ CD တစ်ချပ် (ဓါတ်ပုံလိုအပ်ချက်- size 35 mm x 45 mm, Resolution 300, Background – white)
- ID Card Copy
- လက်ဗွေ၊ လက်မှတ်ပါ ကိုယ်ရေးပုံစံ (၂) စောင်
- မှီခိုခံမှ up to date အခွန်ဆောင်ထားသည့် ပြေစာမိတ္တူ
- လက်ထပ်စာချုပ်/မိသားစုစာရင်း/တော်စပ်ကြောင်းအထောက်အထား (မူရင်း+မိတ္တူ)

(ဂ) မှီခိုသူများအတွက် (နိုင်ငံခြားသားခင်ပွန်းမှီခို)

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်ရေးရာဇဝင် (၂)စုံ ဖြည့်စွက်ရန်
- ရောင်စုံဓါတ်ပုံ (၂)ပုံ
- ဓါတ်ပုံပါ CD တစ်ချပ် (ဓါတ်ပုံလိုအပ်ချက်- size 35 mm x 45 mm, Resolution 300, Background – white)
- ID Card Copy
- လက်ဗွေ၊ လက်မှတ်ပါ ကိုယ်ရေးပုံစံ (၂) စောင်
- လက်ထပ်စာချုပ်/တော်စပ်ကြောင်းအထောက်အထား (မူရင်း + မိတ္တူ)

- အပြန်လေယာဉ်စရိတ်သွင်းထားသည့်ပြေစာနှင့် status ပြောင်းထားသည့်စာမိတ္တူ
- နိုင်ငံခြားသားခင်ပွန်း၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ID Card Copy

(ဃ) ကျောင်းသား/ကျောင်းသူများအတွက်

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်ရေးရာဇဝင် (၂)စုံ ဖြည့်စွက်ရန်
- ရောင်စုံဓါတ်ပုံ (၂)ပုံ
- ဓါတ်ပုံပါ CD တစ်ချပ် (ဓါတ်ပုံလိုအပ်ချက်- size 35 mm x 45 mm, Resolution 300, Background – white)
- ID Card Copy/ Visa Stay
- လက်ဗွေ၊ လက်မှတ်ပါ ကိုယ်ရေးပုံစံ (၂) စောင်
- ကျောင်းသားကတ် (မူရင်း + မိတ္တူ)
- ကျောင်းထောက်ခံစာ (အချိန်ပြည့်ကျောင်းသားဖြစ်ကြောင်း)

(င) သံဃာတော်များအတွက်

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်ရေးရာဇဝင် (၂)စုံ ဖြည့်စွက်ရန်
- ရောင်စုံဓါတ်ပုံ (၂)ပုံ
- ဓါတ်ပုံပါ CD တစ်ချပ် (ဓါတ်ပုံလိုအပ်ချက်- size 35 mm x 45 mm, Resolution 300, Background – white)
- ID Card Copy
- လက်ဗွေ၊ လက်မှတ်ပါ ကိုယ်ရေးပုံစံ (၂) စောင်
- သာသနာဝင်ကတ်
- သက်ဆိုင်ရာကျောင်း၏ထောက်ခံစာ

မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ ကလေးများ/ မိခင်၏ မြန်မာနိုင်ငံကူးလက်မှတ်တွင် ပါဝင်နေသော ကလေးငယ်များ/ မွေးကင်းစ ကလေးများမှ မြန်မာနိုင်ငံကူး လက်မှတ် လျှောက်ထားခြင်း

- မိဘ၏ ကိုယ်ရေးလျှောက်လွှာ
- မိဘ၏ ကိုယ်ရေးရာဇဝင်
- မိဘ၏ နိုင်ငံကူးလက်မှတ်မိတ္တူ
- မိဘ၏ အခွန်ပြေစာမိတ္တူ
- ကလေး၏ ကိုယ်ရေးလျှောက်လွှာ
- ကလေး၏ ကိုယ်ရေးရာဇဝင်
- မွေးစာရင်း (သို့) အိမ်ထောင်စုစာရင်း (မူရင်း + မိတ္တူ)

အထက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ တင်ပြရန်လိုအပ်ပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ ခွင့်ပြုချက် ကျလာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်ပေးပါမည်။

**နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများမှ အသစ်ပြန်လည်လျှောက်ထားခြင်း**

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါက အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ တင်ပြရန်လိုအပ်ပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ ခွင့်ပြုချက် ကျလာပါက ဒဏ်ကြေးအဖြစ် ဟောင်ကောင် ဒေါ်လာ (၆၀၀) ကောက်ခံပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက် ပေးပါမည်။ အကယ်၍ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပြီးနောက် မြန်မာနိုင်ငံသို့ အပြီးပြန်မည့် သူများ/ မြန်မာနိုင်ငံမှ ခေတ္တအလည်အပတ်လာရောက်ပြီး နိုင်ငံကူးလက်မှတ် ပျောက်ဆုံး သူများ အနေဖြင့် One way Certificate of Identity (မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှတ်) ကို ဟောင်ကောင်ဒေါ်လာ (၁၀၀)ဖြင့် လျှောက်ထားနိုင်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် ကောင်စစ်ဝန်ချုပ်ရုံးမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနသို့ နိုင်ငံသားစိစစ်မှု ပြုလုပ်ပေးရန် ဆက်လက်တင်ပြပေးမည်ဖြစ်ပြီး၊ နိုင်ငံသား မှန်ကန် ပါက One way Certificate of Identity ထုတ်ပေးမည် ဖြစ်ပါသည်-

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်တိုင်ရေးလက်ရေးလျှောက်လွှာ (ပျောက်ဆုံးသည့်ဖြစ်စဉ်ဖော်ပြရန်)
- ကိုယ်ရေးရာဇဝင်

- ပျောက်ဆုံးသည့်နိုင်ငံကူးလက်မှတ်မိတ္တူ
- အလုပ်လုပ်သူဖြစ်ပါက ၃၁-၁၂-၂၀၁၁ အထိ အခွန်ထမ်းဆောင်ပြီးကြောင်းပြေစာ
- ID Card Copy
- ရဲစခန်းထောက်ခံစာ
- လေယာဉ်လက်မှတ်မိတ္တူ (မြန်မာနိုင်ငံမှ ခေတ္တအလည်လာသူများအတွက်)

**မြန်မာနိုင်ငံကူးလက်မှတ်တွင် သီးသန့်အမည်ဖြည့်စွက်ခြင်း**

မြန်မာနိုင်ငံကူးလက်မှတ်တွင် သီးသန့်အမည်ဖြည့်စွက်လိုပါက အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ တင်ပြရန်လိုအပ်ပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ ခွင့်ပြုချက် ကျလာပါက သီးသန့်အမည်ဖြည့်စွက်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သီးသန့်အမည်ဖြည့်စွက်ခြင်းအတွက် ဟောင်ကောင်ဒေါ်လာ (၃၀၀) ကောက်ခံပါသည်။

- ကိုယ်ရေးလျှောက်လွှာပုံစံ( ၁ စောင် - HK$ 40 ဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် ရယူရန်)
- ကိုယ်တိုင်ရေးလက်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်
- ID Card Copy
- အမည်ဖြည့်စွက်လိုသည့် နာမည်အထောက်အထား မူရင်း+ မိတ္တူ (မွေးစာရင်း၊ သန်းခေါင်စာရင်း၊ အမည်ပြောင်းထားသည့်စာ)

**ဝင်ငွေခွန် ထမ်းဆောင်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁-၁၂-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၇/၂၀၁၁ အရ ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာခေါင်းစဉ်အောက်ရှိ ဝင်ငွေစုစုပေါင်းအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ဝင်ငွေခွန်ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။ သို့ရာတွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ ဝင်ငွေခွန်ကို အပြည့်အဝ ထမ်းဆောင်ရန် လိုအပ်ပါသည်။ ဝင်ငွေခွန်ထမ်းဆောင်ရန်အတွက် ကျန်ရှိနေသေးသူများအတွက် ကာယကံရှင်၏ မြန်မာနိုင်ငံကူးလက်မှတ် မူရင်း + မိတ္တူ၊ ID Card + Copy၊ ယခင် အခွန်ထမ်းဆောင်ခဲ့သည့် ပြေစာမူရင်း၊ အလုပ်ထောက်ခံစာတို့ တင်ပြရန် လိုအပ်ပါသည်။ လူကိုယ်တိုင် လာရောက်

သူများအား နေ့ချင်းပြီး ဝင်ငွေခွန်ကောက်ခံခြင်းနှင့် ပြေစာထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးပြီး၊ ကိုယ်စားလာရောက် ဆောင်ရွက်သူများအား နောက်တစ်နေ့တွင် ထုတ်ပေးပါမည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့အနေဖြင့် ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်ဒေသအလိုက် အနိမ့်ဆုံးအခြေခံလစာပေါ်မူတည်ပြီး အောက်ပါအတိုင်း ဝင်ငွေခွန်ကောက်ခံပါသည်-

၁၉-၈-၂၀၁၁ ရက်နေ့မတိုင်မီကာလအတွက်

| ဒေသ | သတ်မှတ်ထားသည့် လစာ (ဟောင်ကောင်ဒေါ်လာ) | တစ်လလျှင်ကောက်ခံသည့်နှုန်း |
|---|---|---|
| ဟောင်ကောင် | ၃၅၀၀ | ၁၀% |
| မကာအို | ၂၅၀၀ | ၁၀ % |
| ထိုင်ဝမ် | ၂၅၀၀ | ၁၀ % |

၁၉-၈-၂၀၁၁ မှ ၃၁-၁၁-၂၀၁၁ ရက်နေ့ကာလအတွက်

| ဒေသ | သတ်မှတ်ထားသည့် လစာ (ဟောင်ကောင်ဒေါ်လာ) | တစ်လလျှင်ကောက်ခံသည့်နှုန်း |
|---|---|---|
| ဟောင်ကောင် | ၃၅၀၀ | ၂ % |
| မကာအို | ၂၅၀၀ | ၂ % |
| ထိုင်ဝမ် | ၂၅၀၀ | ၂ % |

(မှတ်ချက်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၅၇/၂၀၁၁ အမိန့်ကြော်ငြာစာအရ ၂ % သို့ ပြောင်းလဲကောက်ခံခြင်းဖြစ်ပါသည်။)

ကျောင်းသားများအနေဖြင့် အခွန်ဆောင်ရန်မလိုအပ်သော်လည်း အသက်(၂၅)နှစ်ပြည့် ကျောင်းသားများအနေဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် အသက်(၂၅)နှစ်ပြည့်သော ကျောင်းသားများအနေဖြင့် အခွန်ဆောင်ရန်မလိုအပ်သော်လည်း ၂၀၁၁ ခုနှစ်တွင် အသက်(၂၅)နှစ်ပြည့်ထားသူများအနေဖြင့် ယင်းကာလအတွက် အခွန်ဆောင်ရန်လိုအပ်ပါမည်။

## နိုတြီထပ်ဆင့်ထောက်ခံပေးခြင်းကိစ္စများ

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသည့်ရှေ့နေ၏ ဘာသာပြန်ဆိုထားခြင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထောက်ခံထားသည့် နိုတြီစာရွက်စာတမ်းများအပေါ်တွင် ထပ်ဆင့်ထောက်ခံပေးပါသည်။ ထိုသို့ ထပ်ဆင့်ထောက်ခံပေးရန်အတွက် ကိုယ်ရေးလျှောက်လွှာ၊ နိုတြီမူရင်း+မိတ္တူနှင့် ဆက်စပ်စာရွက်စာတမ်းများ၊ (ဥပမာ၊ လက်ထပ်စာချုပ်ကို နိုတြီဘာသာပြန်ထားပါက နိုတြီမူရင်းနှင့် လက်ထပ်စာချုပ် မူရင်း)ကို တင်ပြရန်လိုအပ်ပြီး ထောက်ခံကြေး ဟောင်ကောင်ဒေါ်လာ(၂၀၀)ကောက်ခံပါသည်။

## ဝင်ငွေခွန်ထမ်းဆောင်ခြင်းမရှိကြောင်းထောက်ခံစာလျှောက်ထားခြင်း

ဝင်ငွေခွန်ထမ်းဆောင်ခြင်းမရှိကြောင်း ထောက်ခံစာများကို အောက်ပါအတိုင်း လျှောက်ထားနိုင်ပါသည်။ ထောက်ခံစာကြေး ဟောင်ကောင်ဒေါ်လာ (၁၀၀) ကောက်ခံပါသည်။

- မှီခိုသူ ဖြစ်ပါက ကိုယ်ရေးလျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ မှီခိုသူဖြစ်ကြောင်းနှင့် တော်စပ်ကြောင်း အထောက်အထားမိတ္တူ။
- ပင်စင်စားဖြစ်ပါက ကိုယ်ရေးလျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ပင်စင်စားဖြစ်ကြောင်း အထောက်အထားမိတ္တူ။
- ကျောင်းသားဖြစ်ပါက ကိုယ်ရေးလျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ကျောင်းထောက်ခံစာ

## နိုင်ငံခြားသားခင်ပွန်းမှီခိုသူ မြန်မာအမျိုးသမီးမှ အပြန်လေယာဉ်စရိတ်ပေးသွင်းခြင်း

နိုင်ငံခြားသားနှင့်လက်ထပ်ထားကာ မှီခိုအဖြစ်နေထိုင်သူ မြန်မာအမျိုးသမီး အနေဖြင့် ကောင်စစ်ဝန်ချုပ်ရုံးတွင် အပြန်လေယာဉ်စရိတ် ဟောင်ကောင်ဒေါ်လာ (၂၅၀၀) ပေးသွင်းရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ပေးသွင်းရာတွင် နိုင်ငံကူးလက်မှတ်မူရင်း+မိတ္တူ၊ လက်ထပ်စာချုပ် မူရင်း+မိတ္တူတို့ တင်ပြရန်လိုအပ်ပြီး၊ ကောင်စစ်ဝန်ချုပ်ရုံးမှ လေယာဉ်စရိတ်ပေးသွင်းပြီးကြောင်းပြေစာနှင့် နိုင်ငံခြားသားခင်ပွန်းမှီခိုသူဖြစ်ကြောင်း ထောက်ခံစာ ထုတ်ပေးမည် ဖြစ်ပါသည်။ အပြန်လေယာဉ်စရိတ်ပေးသွင်းပြီးမှသာ နိုင်ငံကူးလက်မှတ် အသစ်လဲလှယ်ခြင်း၊ ထောက်ခံစာရယူခြင်း စသည့်ကောင်စစ်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံသားစွန့်လွှတ်သည့်အခါဖြစ်စေ၊ အိမ်ထောင်ကွာရှင်းပြီး မြန်မာနိုင်ငံသို့ အပြီးပြန်လျှင်ဖြစ်စေ အဆိုပါလေယာဉ်စရိတ်ကို ကာယကံရှင်ထံ ပြန်ထုတ်ပေးပါသည်။

မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံတွင် ပြန်လည်နေထိုင်လိုပြီး မြန်မာနိုင်ငံသား ပြန်လည်ခံယူရန် လျှောက်ထားနိုင်မည့်အစီအစဉ်

ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးမှ "အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားတာ မရှိဘူးဆိုရင် အချိန်မရွေး ပြန်လာနိုင်ဖို့ စဉ်းစားပေးမှာ ဖြစ်ပါတယ်၊ ပြစ်မှုကျူးလွန်ခဲ့သည့်တိုင် ထိုက်သင့်သည့်ပြစ်ဒဏ် ခံယူဖို့ ပြန်လာမည်ဆိုရင်တောင် သဘောထားကြီးစွာနဲ့ စဉ်းစားပေးမှာ ဖြစ်ပါတယ်" ဟု အတိအလင်းဖော်ပြ၍ ဖိတ်ခေါ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ အမျိုးသားရင်ကြားစေ့ရေးကို လက်တွေ့အကောင်အထည်ဖော်ရန်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံသားခံယူထားသော မြန်မာနိုင်ငံသားဟောင်းများအနေဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူလိုပါက အောက်ပါအတိုင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်-

(က) မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်၍ ကိုယ်ရေးရာဇဝင် ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ခ) မြန်မာနိုင်ငံသားဖြစ်ဖူးကြောင်းအထောက်အထားများ(မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ မွေးစာရင်း၊ လက်ထပ်စာချုပ် စသည်) တင်ပြရန် လိုအပ်ပါသည်။

(ဂ) ပြည်ပနိုင်ငံသားအဖြစ် ခံယူထားမှု စွန့်လွှတ်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် တင်ပြရမည်ဖြစ်ပါသည်။

(ဃ) ပြည်ပနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားမှုမှ စွန့်လွှတ်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် တင်ပြရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါလိုအပ်ချက်များ ပြည့်စုံပါက မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ပါသည်။ ခွင့်ပြုချက်ရလာပါက ကာယကံရှင်ထံသို့ ဆောလျင်စွာ ဆက်သွယ်ပေးကာ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အထွေထွေ

မြန်မာနိုင်ငံသားခိုင်မာမှုအတွက် ကြပ်မတ်ဆောင်ရွက်ရန် ညွှန်ကြားချက်များအရ မြန်မာနိုင်ငံကူးလက်မှတ်လဲလှယ်ရန် လျှောက်ထားလာပါက မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံသားများ၏ သက်ဆိုင်ရာဒေသနေထိုင်ခွင့်လက်မှတ်နှင့် နိုင်ငံကူးလက်မှတ်များ

အား တိုက်ဆိုင်စစ်ဆေးလျက်ရှိပါသည်။ နိုင်ငံကူးလက်မှတ်ပါ အမည်နှင့် သက်ဆိုင်ရာနိုင်ငံမှ နေထိုင်ခွင့် သက်သေခံကတ်ပြား (ID Card) ပါ အမည်များအကြား ကွဲလွဲမှုရှိပါက တစ်ဦးတည်းဖြစ်ကြောင်း အထောက်အထားအတွက် အိမ်ထောင်စုစာရင်း (သို့) သက်ဆိုင်ရာဒေသအာဏာပိုင် ထောက်ခံချက် စသည်တို့အား တစ်ပါတည်း ပူးတွဲတင်ပြရန် ဖြစ်ပါသည်။

ကောင်စစ်ဆိုင်ရာထောက်ခံချက် (ကျောင်းသားဖြစ်ကြောင်း၊မှီခိုဖြစ်ကြောင်း) များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသို့ မသွားရောက်မီ ကနဦး ရယူသွားရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးမှ နောက်ကြောင်းပြန် လျှောက်ထားမှုများအား ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်း အနည်းဆုံး(၆)လ ကျန်ရှိမှသာ အသစ်လဲလှယ်ပေးမည် ဖြစ်ပါသည်။ သက်တမ်း(၆)လနှင့်အထက် သက်တမ်းကျန်ရှိသူများအား နိုင်လုံသည့် အကြောင်းပြချက်ရှိမှသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကူးလက်မှတ်များတွင် သက်တမ်းတိုးထားသည့်တုံးအတုများအား စိစစ်လျက်ရှိရာ တွေ့ရှိရပါက သတ်မှတ်ဒဏ်ကြေး (ဟောင်ကောင်ဒေါ်လာ ၃၁၀၀) ပေးဆောင်ရမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

ကောင်စစ်ဌာန
မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့
၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်